# ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) ဘယ်လိုဖြစ်ပေါ်လာသလဲ။

## (ဒုတိယပိုင်း)

### NNER ၏ ပညာရေးမူဝါဒ ထွက်ပေါ်လာပြီးနောက် ဆောင်ရွက်ချက်များ၊ တိုးတက်မှုနှင့် အခက်အခဲများ

(ဒေါက်တာသိန်းလွင် တင်ပြသည်။)

အမျိုးသားပညာရေးမူဝါဒတစ်ရပ် ပေါ်ပေါက်လာခြင်းသည် NNER ၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။ NNER ၏ မူဝါဒသည် ဒီမိုကရေစီနည်းလမ်းအရ စုဆောင်းရရှိထားခြင်းဖြစ်ပါသည်။ ကျောင်းသားများ၏ ဆန္ဒ၊ ပြည်သူပြည်သားများ၏ ဆန္ဒအပေါ် အခြေခံပါသည်။ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက်လည်း မျှော်လင့်ချက်ဖြစ်ခဲ့ပါသည်။

NNER ၏ ပညာရေးမူဝါဒကို တိုင်းရင်းသားပညာရေးအဖွဲ့များ၊ မသန်စွမ်းပညာရေးအဖွဲ့များနှင့် ဘာသာရေး အခြေပြု (faith–based) ကျောင်းများ၏ ထောက်ခံမှုများ ပိုမိုရရှိလာပါသည်။ မိခင်ဘာသာစကားအခြေပြု ဘာသာစကား သုံးမျိုးစနစ်သည် တိုင်းရင်းသားကလေးငယ်များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုသာမက တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားလွတ်လပ်ခွင့်လည်း ဖြစ်ပါသည်။ လူတိုင်းအကျုံးဝင်ပညာရေးမူဝါဒသည် မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံး၏ ပညာရေးအခွင့်အရေးဖြစ်၍ NNER ၏ မူဝါဒကို ထောက်ခံလာကြပါသည်။ NNER သည် ဘာသာရေးဆိုင်ရာ ခွဲခြားမှုမရှိဘဲ အားလုံးအတွက် တန်းတူညီမျှ ပညာရေးစနစ်ကို တောင်းဆိုသဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများသာမက ခရစ်ယာန် ဘာသာဝင်များကလည်း ထောက်ခံကြပါသည်။

ဤအမျိုးသားပညာရေးမူဝါဒကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့လည်းကောင်း၊ နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌထံသို့လည်းကောင်း ပေးပို့ခဲ့ပါသည်။ သံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများသို့လည်း ပေးပို့ခဲ့ပါသည်။ စာအုပ်အဖြစ်ရိုက်နှိပ်၍ ပြည်သူလူထုထံသို့လည်း ဖြန့်ဝေခဲ့ပါသည်။

### (က) နေပြည်တော်အဆင့် ပညာရေးဆွေးနွေးပွဲ (Higher Education Dialoge)

စကော့တလန်နိုင်ငံမှ ပါမောက္ခကင်း (Prof. King) ၏ ကြိုးပမ်းမှု၊ ဗြိတိသျှကောင်စီနှင့် ဩစတြေးလျှသံရုံးတို့၏ ကူညီပံ့ပိုးမှုတို့ဖြင့် အဆင့်မြင့်ပညာရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၃ ဖွန်လ (၂၉-၃၀) တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ NNER အဖွဲ့ဝင်များ တက်ရောက်ခွင့်ရကြပြီး NNER ကိုယ်စား ဒေါက်တာသိန်းလွင်က NNER ၏ ပညာရေးမူဝါဒများကို ရှင်းလင်းတင်ပြခွင့်ရခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် နှင့်တကွ အင်္ဂလန်နှင့် ဩစတေးလျတို့မှ ကြွရောက်လာကြသော ပါမောက္ခများ၏ ထောက်ခံမှုကိုလည်း ရရှိခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခများ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြသော်လည်း NNER ၏ ပညာရေးမူဝါဒအပေါ် တစ်စုံတစ်ရာ သဘောထားမှတ်ချက်များ ပြောကြားခြင်းမရှိခဲ့ပါ။

### (ခ) နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးပွဲ

နေပြည်တော်ဆွေးနွေးပွဲအပြီး ကျွန်တော်၏ မိခင်နေထိုင်ရာ ပဲခူးမြို့နယ်၊ ကမာနတ်ရွာသို့ ပြန်ခဲ့ပါသည်။ အသက် (၉၀) အရွယ်မိခင် ဝေဒနာခံစားနေရချိန် ဖြစ်ပါသည်။ မိခင်၏ဆန္ဒအရ ရွာရှိဘုန်းတော်ကြီးကျောင်းတွင် ဒုလ္လဘရဟန်း ဝတ်ပါသည်။ ရဟန်းဝတ်နေစဉ်အတွင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့မှ  ကျွန်တော့်ထံဖုန်းဆက်၍ အစိုးရအဖွဲ့ နှင့် တွေ့ဆုံရန် NNER ကိုယ်စားလှယ် (၄) ဦး၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ (၁၃) ရက်နေ့တွင် လာရောက်ပါရန် ဖိတ်ကြားပါသည်။ အစိုးရအဖွဲ့တွင် မည်သူများ ပါဝင်မည်ကို ကြိုတင်ပြောကြားထားခြင်းမရှိပါ။ ဇူလိုင်လ (၁၂) ရက်နေ့တွင် ကျွန်တော်မိခင်ကွယ်လွန်ပါသည်။ ကျွန်တော်လည်း ရဟန်းဘဝမှ လူဝတ်လဲပါသည်။ ဇူလိုင်လ (၁၃) ရက်နေ့တွင် ဒေါက်တာတင်လှိုင်၊ ဒေါက်တာသန့်လွင်မောင် (ကိုတာ)၊ မသူသူမာနှင့် ကျွန်တော်တို့ (၄) ဦး အစိုးရ အဖွဲ့နှင့် တွေ့ဆုံရန် သွားကြပါသည်။

ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံး ခန်းမတွင် ခေတ္တစောင့်ဆိုင်းပြီးနောက် သမ္မတ ဦးသိန်းစိန်ဝင်လာပါသည်။ သမ္မတရုံး ဝန်ကြီးများ ဖြစ်ကြသော ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးတင်နိုင်သိန်း တို့လည်းပါဝင်ပါသည်။ ပညာရေးဝန်ကြီး ဒေါက်တာမြအေး၊ ဒု ဝန်ကြီး ဒေါက်တာမျိုးမြင့်တို့လည်း ပါဝင်ပါသည်။ သမ္မတ၏ ပညာရေးအကြံပေး ဒေါ်ရင်ရင်နွယ်လည်း ပါဝင်ပါသည်။ သမ္မတက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် NNER မှ သမ္မတထံပေးပို့ထားသော NNER ၏ ပညာရေးမူဝါဒ စာတမ်းကို ကိုင်ပြ၍၊ သူဖတ်ပြီးကြောင်း၊ အားလုံးကောင်းမွန်ကြောင်း ပြောကြားပြီးနောက် မူဝါဒတွင် ပါဝင်သည့် အချက် တချို့ကို ကိုးကားဖော်ပြပါသည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို သူနှစ်သက်ကြောင်း၊ သူ၏မြေးကလေး မေးခွန်းများ မေး တတ်ပုံကို ဥပမာများနှင့် ပြောကြားပါသည်။ အဆုံးသပ်တွင် NNER အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ရန် ပြောပါသည်။

NNER ဘက်မှ ကျွန်တော်ကစတင်၍ သမ္မတကြီးဖိတ်ကြားသည်ကို ကျေးဇူးတင်ကြောင်း၊ ပညာရေးဝန်ကြီးဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ရန် အကြံပေးသဖြင့် ကျေးဇူးတင်ကြောင်းအစချီပြီး NNER ၏ ပညာရေးမူဝါဒ ဖြစ်ပေါ်လာပုံ၊ အကြံဉာဏ်များ စုဆောင်းခဲ့ပုံ၊ ပညာရေးမူဝါဒတွင် ပါဝင်သော အဓိကအချက်များနှင့် ဦးစားပေးလုပ်ဆောင်သင့်သော အကြံပြု ချက်များကို တင်ပြပါသည်။ ဦးစားပေးဆောင်ရွက်ရန်အတွက် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးစနစ် အကောင်အထည်ဖော် ရန် နှင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန် ကိစ္စများပါဝင်ပါသည်။ ဒေါက်တာတင်လှိုင်၊ ဒေါက်တာသန့်လွင် မောင် နှင့် မသူသူမာ တို့မှ တက္ကသိုလ်ပညာပြုပြင်ပြောင်းလဲရေး၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့် တက်ကြွစွာသင်ယူခြင်း နှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ စာမေးပွဲစနစ် ပြုပြင်ပြောင်းလဲရေးတို့ကို ဖြည့်စွက်ပြောကြားကြပါသည်။

ထို့နောက် သမ္မတက ပညာရေးဌာနကို ဘာပြောစရာရှိသလဲဟု မေးပါသည်။ ဝန်ကြီးဒေါက်တာမြအေးက ကုလားထိုင် လက်ရန်းကို ကိုင်၍ ထရန် စတင်နေစဉ် သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းက အလျင်ထ၍ ဝန်ကြီးထိုင်ထိုင်ဟု ဒေါက်တာမြအေး အား ဟန့်တားပြီး၊ သမ္မတဘက်လှည့်၍ ပညာရေးဝန်ကြီးကို ဘာမျှမပြောရန် မှာထားကြောင်း၊ ဒေါက်တာသိန်းလွင် တို့ တင်ပြသည်ကို နားထောင်ရန်သာ မှာထားကြောင်း ပြောပါသည်။ ဒေါက်တာမြအေး ပြောခွင့်မရသဖြင့် ပညာရေးဝန်ကြီး ဌာန ၏ NNER အပေါ် သဘောထားကို သိခွင့်မရခဲ့ပါ။ နိဂုံးချုပ်တွင် သမ္မတက NNER ၏ မူဝါဒကို NLD မှ ဦးဆောင်၍ လွှတ်တော်သို့ တင်သွင်းရန် မှာကြားပါသည်။

**(ဂ) NLD ၏ တုန့်ပြန်ချက်**

အစိုးရအဖွဲ့နှင့်တွေ့ဆုံပြီးနောက် ရွှေဂုံတိုင် NLD ရုံးချုပ်သို့သွား၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်တွေ့ပြီး သမ္မတ နှင့် ဆွေး နွေး ခဲ့သည့်အကြောင်း၊ NNER ၏ ပညာရေးမူဝါဒကို လွှတ်တော်သို့တင်ရန် မှာကြားကြောင်း ရှင်းပြပါသည်။ ဒေါ်အောင် ဆန်းစုကြည်ထံ တင်ပြရန်အတွက်လည်း စာရေးသားပေးပို့ခဲ့ပါသည်။

ရက်အနည်းငယ်အကြာတွင် ဒေါက်တာတင်လှိုင်၊ ဆရာကိုတာ၊ ဦးဟန်သာမြင့်နှင့် ကျွန်တော်တို့လေးဦး ဒေါ်အောင်ဆန်းစု ကြည် နှင့် တွေ့ခွင့်ရပါသည်။ ကျွန်တော်တို့ လေးဦးသည် NLD ၏ ပညာရေးကော်မတီဝင်များ ဖြစ်ကြပါသည်။ ဒေါ်အောင် ဆန်းစုကြည်က NNER ၏ ပညာရေးမူဝါဒကို လက်ခံကြောင်း၊ သို့ရာတွင် NLD အနေဖြင့် လွှတ်တော်သို့ တင်မည်မဟုတ် ကြောင်း၊ လွှတ်တော်တွင် NLD က လူနည်းစုသာဖြစ်၍ မဲခွဲဆုံးဖြတ်လျှင် ရှုံးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် NNER မူဝါဒကို လွှတ်တော် မတင်ရန် ဆုံးဖြတ်ကြောင်းပြောပါသည်။

**(ဃ) NNER ၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ**

NNER ၏ ပညာရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲများတွင် တက်ရောက်သူများအတွက် အသစ်အဆန်းဖြစ်ပြီး မေးခွန်းအများ ဆုံး မေးသောကဏ္ဍများမှာ စာမေးပွဲစနစ်ပြုပြင်ရေး၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကား (၃) သုံးမျိုးစနစ်၊ ဗဟိုချုပ် ကိုင်မှုလျှော့ချရေးနှင့် ဆရာ၊ ဆရာမများဆိုင်ရာကိစ္စတို့ ဖြစ်ပါသည်။ NNER ၏ ပညာရေးမူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင် များသည် အထက်ပါကဏ္ဍများတွင် လေ့လာမှုများပြုလုပ်ပြီး ပညာရှင်များဖိတ်ခေါ်၍ ပညာရေးဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ခဲ့ကြပါသည်။

ပထမဆုံးကျင်းပသည့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲမှာ "သင်ယူမှုကို အထောက်အကူ ပြုသော စစ်ဆေးနည်း" (Seminar on Formative Assessment) ဖြစ်ပါသည်။ အတွေ့အကြုံကြွယ်ဝသော နိုင်ငံတကာပညာရှင် (၅) ဦး လာရောက် ဆွေးနွေးပါသည်။ UNESCO မှ စေလွှတ်သူ စက်ာပူအစိုးရ ပညာရေးဌာနမှတစ်ဦး၊ UNICEF မှ စေလွှတ်သူ ပညာရှင်တစ်ဦး၊ Open Society Foundation မှ စေလွှတ်သူ ပညာရှင်တစ်ဦး၊ Reading and Writing for Critical Thinking International Consortium (RWCT-IC) မှစေလွှတ်သော ပညာရှင်တစ်ဦးနှင့် စကော့တလန်မှ ပါမောက္ခတစ်ဦးတို့ ဖြစ်ပါသည်။

ဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ (၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ တော်ဝင်နှင်းဆီ ခန်းမတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်သူ (၃၀၀) ကျော်ရှိပြီး အစိုးရပညာရေးဌာနမှ အရာရှိများနှင့် ပါမောက္ခအချို့လည်း တက်ရောက်ပါသည်။ ပညာရှင်များ၏ ရှင်းလင်းဆွေးနွေးမှုများ၊ ပရိတ်သတ်၏ အပြန်အလှန်မေးခွန်းများကြောင့် NNER ကွန်ရက်ဝင် အဖွဲ့အစည်းများကြား စာမေးပွဲစနစ် ပြုပြင်ပြောင်းလဲရန် လက်ခံကြသော်လည်း၊ အစိုးရပညာရေးဌာနတွင် ယနေ့ထိ အလွတ်ကျက်၊ အလွတ်ဖြေ စာမေးပွဲစနစ်ကို ပြောင်းလဲခြင်းမရှိသေးပါ။

## (င) ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီတွင် NNER ၏ ပညာရေးမူဝါဒများ ရှင်းပြခွင့်ရခြင်း

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမြဦး၏ ဖိတ်ကြားချက်အရ ၂၀၁၃ နိုဝင်ဘာ (၅) ရက်နေ့တွင် နေပြည်တော် ပညာရေးမြှင့်တင်မှုကော်မတီ အစည်းအဝေးခန်းမတွင် NNER ၏ မူဝါဒများ ရှင်းလင်းတင်ပြခွင့်ရပါသည်။ NNER ကိုယ်စားလှယ် (၁၀) ဦးခန့် တက်ရောက်ပါသည်။ ပညာရေးမြှင့်တင်မှုကော်မတီဝင် (၁၅) ဦး နှင့် ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခများလည်း တက်ရောက်ကြပါသည်။ အစည်းအဝေး အဖွင့်တွင် ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့လည်း တက်ရောက်ပြီး၊ ဦးရွှေမန်းက အဖွင့်မိန့်ခွန်း ပြောကြားပါသည်။ မိန့်ခွန်းတွင် အမျိုးသားပညာရေးဥပဒေကို အမြန်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထည့်သွင်းပြောကြားပါသည်။ ဦးရွှေမန်း မိန့်ခွန်းပြောကြားပြီးနောက် ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ထွက်ခွာသွားပါသည်။

ထို့နောက် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက NNER အား တင်ပြရန် ပြောသဖြင့် ကျွန်တော်က PowerPoint ဖြင့် NNER ၏ ပညာရေးမူဝါဒဆိုင်ရာ အခြေခံမူများနှင့် ပညာရေးကဏ္ဍ (၁၃) ခုအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များကို တင်ပြပါသည်။ ကျွန်တော်တင်ပြအပြီး ဒေါက်တာ ချမ်းငြိမ်းက ထ၍ "ကိုသိန်းလွင် ခင်ဗျားတို့ဟာတွေက စိတ်ကူးယဉ်တွေ၊ လက်တွေ့မဖြစ်နိုင်ဘူး" ဟု ပြောပါသည်။ NNER တင်သွင်းသော ပညာရေးမူဝါဒကို ငြင်းပယ်လိုက်ခြင်း ဖြစ်ပါသည်။

အစည်းအဝေးအဆုံးသတ်ပြီးနောက် NNER အဖွဲ့ဝင်များ ရန်ကုန်ပြန်ကြပါသည်။ နေပြည်တော်မှထွက်၍ တစ်နာရီ ကျော်ကျော် ခရီးအရောက်တွင် ဒေါက်တာမောင်သင်း (ထိုစဉ်က မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ်) က နေပြည်တော်မှ ဖုန်းဆက်၍ နိုဝင်ဘာ (၆) ရက်တွင် ဆက်လက်ကျင်းပမည့် လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ အစည်းအဝေးသို့ ကျွန်တော့်ကို တက်ရောက်ရန်၊ ကျွန်တော်တို့အဖွဲ့မှ ကျွန်တော်တစ်ဦးတည်းသာ တက်ရောက်ရန်ပြောပါသည်။ ကျွန်တော်က ကားပေါ်တွင် ကျွန်တော်နှင့်အတူရှိသူ NNER အဖွဲ့သားများကို ပြောပြပါသည်။ NNER အဖွဲ့သားများက ကျွန်တော့်အား အစည်းအဝေးတက်ရောက်ရန်ပြောပြီး ကားပြန်လှည့်၍ နေပြည်တော်သို့ ပြန်ပို့ပါသည်။

နိုဝင်ဘာ (၆) ရက်နှင့် (၇) ရက်နေ့များတွင် ဆက်လက်ကျင်းပသော လွှတ်တော်ပညာရေး မြှင့်တင်မှုကော်မတီ အစည်းအဝေးများသို့ ကျွန်တော်တက်ရောက်ပါသည်။ လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီမှ အကြမ်းရေးဆွဲထားသော အမျိုးသား ပညာရေးဥပဒေမူကြမ်းကို ပုဒ်မတစ်ခုချင်းဖတ်၍ ဆွေးနွေးကြပါသည်။ အဆိုပါ ပညာရေးဥပဒေ (မူကြမ်း) သည် ယခင် စစ်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သော ပညာရေး အနှစ် (၃၀) စီမံကိန်းကို စကားလုံးတစ်ချို့ ပြောင်း၍ ဥပဒေ အဖြစ် ပြဋ္ဌာန်းခြင်းသာ ဖြစ်ပါသည်။ NNER ၏ ပညာရေးမူဝါဒနှင့် မကိုက်ညီသော အချက်တော်တော်များများကို ကျွန်တော် ထောက်ပြပါသည်။ "အတွေးအခေါ်မှန်ကန်သော" ဟူသည့်အစား " အတွေးအခေါ်လွတ်လပ်မှု" အခမဲ့ မသင် မနေရ

အလယ်တန်းပညာရေး၊ ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းရေး၊ လူတိုင်းအကျုံး ဝင်ပညာရေးနှင့် တိုင်းရင်းသားများ၏ ဘာသာစကားလွတ်လပ်ခွင့်များ ဆွေးနွေးတင်ပြပါသည်။ အငြင်းအခုံများစွာဖြစ်ခဲ့ပါသည်။ "အတွေးအခေါ် လွတ်လပ်ခွင့်" ကိစ္စကို ကျွန်တော်တင်ပြပြီးနောက် အကြိတ်အနယ်ဆွေးနွေးကြပြီး အစည်းအဝေးတွင် သဘောတူလက်ခံ သွားကြပါသည်။ သို့ရာတွင် ဥပဒေအတည်ပြုသောအခါ၌ "အတွေးအခေါ်မှန်ကန်သော" ဟုသာ ပြန်လည်ဖော်ပြပါသည်။ ကျန်အချက်များ သဘောတူညီချက် မရခဲ့ပါ။

နိုဝင်ဘာ (၇) ရက် နေ့လည်ထမင်းစားနားချိန်တွင် ဒေါ်အောင်ဆန်းစုကြည်က ခေါ်သဖြင့် သူမ၏ တရားဥပဒေစိုးမိုးရေး ရုံးခန်းတွင် သွားရောက်တွေ့ဆုံပါသည်။ ကျွန်တော်က ပညာရေးမြှင့်တင်မှုကော်မတီ အစည်းအဝေးအတွေ့အကြုံများ ကို ရှင်းပြပါသည်။ ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော့်အား အရေးမကြီးသည်များကို အငြင်းအခုံမလုပ်ရန်၊ အလျှော့ပေးရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မထိခိုက်ရန်မှာကြားပါသည်။

**(စ) သမ္မတရုံးမှကြီးမှူးသော "လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုကော်မတီ" (EPIC) နှင့် ဆွေးနွေးပွဲများ**

၂၀၁၄ ဇန်နဝါရီလဆန်းတွင် သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်း ခေါင်းဆောင်သည့် လက်တွေ့ကျသော ပညာရေး မြှင့်တင်မှုကော်မတီ (EPIC) နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးတွဲ၍၊ EPIC မှ မူကြမ်းရေးဆွဲသော အမျိုးသားပညာရေးဥပဒေ ကို ဆွေးနွေးကြောင်းသိရပါသည်။ EPIC မှရေးဆွဲသော မူကြမ်းသည်လည်း ယခင်စစ်အစိုးရလက်ထက်က လုပ်ခဲ့သည့် အနှစ် (၃၀) စီမံကိန်းကိုပင် အခြေခံထားကြောင်း တွေ့ရပါသည်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ ရေးဆွဲသော အမျိုးသားပညာရေးဥပဒေမူကြမ်းနှင့် သမ္မတရုံးမှ ဦးဆောင်သော EPIC မှ ရေးဆွဲသောမူကြမ်းတို့သည် စကားလုံးအသုံးအနှုန်းများသာ ကွဲပြားသွားသော်လည်း အခြေခံမှာ အတူတူပင်ဖြစ်ပါသည်။ EPIC မူကြမ်း၏ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ ဗဟိုကောင်စီ ဖွဲ့စည်းမည်ဟု ပါဝင်သဖြင့် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများနှင့် NNER တို့က ကန့်ကွက်ခဲ့ကြပါသည်။

ပညာရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ NNER ကိုယ်စားလှယ်အဖွဲ့သည် EPIC ဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ၂၀၁၄ ဇန်နဝါရီလ (၁၁) ရက်နေ့တွင် ရန်ကုန်မြို့၊ စိန်ရတုခန်းမတွင် တွေ့ဆုံခဲ့ပါသည်။ ဦးတင်နိုင်သိန်း က အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သဘောထားများနှင့် EPIC ၏ ဆောင်ရွက်ချက်များကို ရှင်းပြပါသည်။ ကျွန်တော်တို့ကလည်း NNER ၏ ပညာရေးမူဝါဒများအကြောင်းရှင်းပြပါသည်။ NNER နှင့် EPIC ညှိနှိုင်းဆွေးနွေးလို ကြောင်းလည်း ပြောပါသည်။

၂၀၁၄ ဇန်နဝါရီ (၁၉) တွင် NNER ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ ဒေါက်တာမြဦး၊ EPIC အကြံပေး ဦးသန်းဦး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများနှင့် စိန်ရတုခန်းမ၌ တွေ့ဆုံပါသည်။ NNER မှ EPIC ၏ ပညာရေးမူကြမ်းကို ဝေဖန်ထောက်ပြရာတွင် နှစ်ဖက်အခြေအတင် ဖြစ်ကြပါသည်။ EPIC ၏ ဥပဒေကြမ်းတွင် ပါဝင်သော "အတွေးအခေါ်မှန်ကန်သည့် နိုင်ငံသားများ" ဆိုသည်ကိုပြင်ဆင်ရန်၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်သည့် ပညာရေးဖြစ်ရန် တင်ပြရာမှ အခြေအတင်စကားများကြပြီး၊ ဆွေးနွေးပွဲကို ရပ်နားပြီး နောက်တနေ့ ဇန်နဝါရီလ (၂၀) ရက်တွင် ထပ်မံဆွေးနွေးရန် ချိန်းဆိုပါသည်။ သို့ရာတွင် ဇန်နဝါရီလ (၂၀) ရက် နံနက်တွင် ပညာရေးဝန်ကြီးဌာနမှ ကျွန်တော့်ထံဖုန်းဆက်၍ ဆွေးနွေးပွဲဖျက်သိမ်းကြောင်း အကြောင်းကြားပါသည်။

၂၀၁၄ ဇန်နဝါရီလ (၂၉) ရက်နေ့တွင် အဆင့်မြင့်ပညာဦးစီးဌာနမှ ဦးဇော်ဌေးက ကျွန်တော့်ထံဖုန်းဆက်ပြီး ပညာရေး ဒု-ဝန်ကြီး ဒေါက်တာမျိုးမြင့်က တွေ့ဆုံလိုကြောင်း ပြောပါသည်။ ကျွန်တော်သွားရောက်တွေ့ဆုံပါသည်။ ဒေါက်တာမျိုးမြင့်က EPIC အကြောင်းရှင်းပြပါသည်။ ကျွန်တော်ကလည်း NNER အကြောင်းရှင်းပြပြီး EPIC နှင့် ပညာရေးဆိုင်ရာ အခြေခံမှုများကို ဆွေးနွေးလိုကြောင်း ပြောပါသည်။ ဒေါက်တာမျိုးမြင့်က ဆောင်ရွက်ပေးမည်ဟုပြောပါသည်။ သို့ရာတွင် တွေ့ဆုံမည့် နေ့ရက်၊ အချိန်၊ သတ်မှတ်ခြင်း မရှိခဲ့ပါ။ ကျွန်တော်က ဒေါက်တာမျိုးမြင့်အား NNER မှ ဦးဆောင်ကျင်းပမည့် ဘာသာစကား သင် ကြားမှုဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ရန်ဖိတ်ကြားခဲ့ပါသည်။

**(ဆ) NNER ၏ ဒုတိယအကြိမ် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ** (မိခင်ဘာသာစကာအခြေပြု ဘာသာစကားစုံပညာရေး)

မိခင်ဘာသာစကား အခြေပြု ဘာသာစုံပညာရေး (mother tongue base multilingual education) ဆွေးနွေးပွဲကို ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) ၌ ၂၀၁၄ ဇန်နဝါရီလ (၃၁) ရက်နှင့် ဖေဖော်ဝါရီလ (၁) ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဒေသအသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား နိုင်ငံရေး အဖွဲ့အစည်းများ၊ ပညာရေးဌာနများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဆရာသမဂ္ဂအဖွဲ့ဝင်များ၊ ကျောင်းသားသမဂ္ဂ အဖွဲ့ဝင် များ၊ အစိုးရ၏ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအဖွဲ့ (EPIC) မှ တာဝန်ရှိသူများ၊ UNESCO, UNICEF, DFID နှင့် INGO များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများနှင့် စိတ်ဝင်စားသူများ စုစုပေါင်း (၅၀၀) ကျော်တက်ရောက်ခဲ့ပါသည်။

မိခင်ဘာသာစကား အခြေပြုပညာရေးဆိုင်ရာ ပညာရှင်များဖြစ်ကြသော Prof.Joseph Lo Bianco, Dr. Kimmo Kosonen တို့နှင့်အတူ တိုင်းရင်းသားလူမျိုးပညာရှင် (၁၂) ဦးတို့က ဦးဆောင်ဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ပညာရေး စနစ်တွင် မိခင်ဘာသာစကားသည် ဗမာစကားမဟုတ်သော ကလေးများရင်ဆိုင်နေရသည့် သင်ယူမှုဆိုင်ရာ အခက်အခဲ များ၊ မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံ ပညာရေး ဆိုင်ရာသဘောတရားများ၊ ဘာသာစကားဆိုင်ရာ အခွင့် အရေးသည် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးတို့နှင့် အပြန်အလှန် ဆက်စပ်နေသော အကြောင်းအရာများ၊ အာရှနိုင်ငံများတွင် ကျင့်သုံးနေသည့် ဘာသာစကားစုံပညာရေး (multilingual education) ဆိုင်ရာမူဝါဒများအကြောင်း ဆွေးနွေးကြပါသည်။

**(ဇ) EPIC ၏ စိန်ရတု ခန်းမဆွေးနွေးပွဲများနှင့် NNER**

ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးက NNER နှင့် ဆက်သွယ်၍ စိန် ရတုခန်းမတွင် ကျင်းပနေသည့် EPIC ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဖိတ်ကြားလာပါသည်။ အဆင့်မြင့်ပညာဦးစီးဌာန မှ တက္ကသိုလ်ဆရာ၊ ဆရာမများ ဆွေးနွေးပွဲ တက်ရောက်ရန်ကိစ္စနှင့် ပတ်သက်၍ ထုတ်ပြန်သောစာတွင် တက္ကသိုလ် ဆရာသမဂ္ဂ အဖွဲ့ဝင်များအတွက် ကန့်သတ်ချက်များ ပါနေသဖြင့် ၂၀၁၄ ဖေဖော်ဝါရီ (၅) ရက်တွင် ဆွေးနွေးပွဲ အဖွင့် မိန့်ခွန်းပြောရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စင်ပေါ်အတက်တွင် ဆရာများသမဂ္ဂက အဆင့်မြင့် ပညာဦးစီး ဌာန၏ တက္ကသိုလ်ဆရာသမဂ္ဂများအပေါ် သဘောထားကို ဝေဖန်ထောက်ပြ၍ ဆွေးနွေးပွဲမှ ပြန်လည်ထွက်ခွာသွားကြပါသည်။ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်အချို့လည်း ဆရာသမဂ္ဂအဖွဲ့ဝင်များ နှင့်အတူ ဆွေးနွေးပွဲခန်းမမှ ထွက်ခွာသွားကြပါသည်။

ကျွန်တော်နှင့် NNER အဖွဲ့ဝင် အချို့ဆွေးနွေးပွဲခန်းမတွင်ကျန်ရစ်ပါသည်။ ဆွေးနွေးပွဲ စတင်သောအခါ NNER မှ ကျွန် တော်နှင့် သိက္ခာတော်ရဆရာ ဦးကျော်ထွန်းလင်း တို့ကို ဦးသန်းဦး၊ ဦးတင်ညို တို့နှင့်အတူ ဆွေးနွေးပွဲ သဘာပတိအဖြစ် ဆောင်ရွက်ပေးပါရန် ပညာရေးဝန်ကြီးဌာနမှ ကမ်းလှမ်းလာခဲ့သဖြင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် NNER အဖွဲ့ဝင် အချို့နှင့် အခြားတက်ရောက်သူအချို့မှ ဗဟိုချုပ်ကိုင်သော ပညာရေးစနစ်ကို ဝေဖန် ထောက်ပြပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချရန် ဆွေးနွေးတင်ပြကြပါသည်။ သမ္မတ၏ ပညာရေးအကြံပေး ဒေါက်တာရင်ရင်နွယ် က ဗဟိုချုပ်ကိုင်မှုရှိဖို့လိုကြောင်း ကာကွယ်ပြောကြားပါသည်။ NNER ဘက်မှ ကျေနပ်ဖွယ်ရှိသော ရလာဒ် တစုံတရာ မထွက်ဘဲ ဆွေးနွေးပွဲပြီးဆုံးခဲ့ပါသည်။

**(ဈ) NNER နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခြင်း**

NNER က ဦးဆောင်ကျင်းပသော မိခင်ဘာသာစကားဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပပြီးနောက် ဒေါ်အောင်ဆန်းစု ကြည် နှင့် တွေ့ဆုံလိုကြောင်း စာရေးသားပေးပို့ခဲ့ပါသည်။ ၂၀၁၄ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် နေပြည်တော်ရှိ ဒေါ် အောင်ဆန်းစုကြည် ၏ (I-12) ရုံးခန်းတွင် တွေ့ဆုံခွင့်ရပါသည်။ ဦးစိုးထွန်း၊ ဒေါ်သူသူမာ တို့ ခေါင်းဆောင်သော NNER ကိုယ်စားလှယ် (၁၅) ဦး ခန့် တက်ရောက်ပါသည်။ ကျွန်တော်ကိုယ်တိုင်မှာ NLD ၏ စည်းရုံးရေးကိစ္စတခုဖြင့် ချင်းတောင် သို့ ဦးဟံသာမြင့်နှင့် အတူ သွားရောက်နေသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပွဲ မတက်ရောက်နိုင်ခဲ့ပါ။

ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ NLD လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ဦးဖြိုးဇေယျာသော်နှင့် ပြည်သူ့လွှတ်တော် ပညာရေးကော်မတီဝင်များ ဖြစ်ကြသည့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာချမ်းငြိမ်း၊ ဒေါက်တာမောင်မောင်ဝင့် နှင့် ဒေါက်တာမြဦးတို့လည်းတက်ရောက်ကြပါသည်။

ဆွေးနွေးပွဲတွင် NNER ကိုယ်စားလှယ်များမှ NNER ၏ မူဝါဒများကို ရှင်းပြကြပါသည်။ ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ပြောကြားရာတွင် NNER ၏ ပညာရေးမူဝါဒဆိုင်ရာ အခြေခံမူ (၁၄) ချက်မှာ ကောင်းမွန်ကြောင်း၊ သို့ရာတွင် မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံ ပညာရေးစနစ်မှာ မဖြစ်နိုင်ကြောင်း၊ လက်တွေ့မကျကြောင်းပြောပါသည်။ ဒေါ်စုစုလွင် ကလည်း တိုင်းရင်းသား (၁၃၅) မျိုးရှိနေသဖြင့် မိခင်ဘာသာစကားသင်ကြားရေးမှာ လက်တွေ့မဖြစ်နိုင်ကြောင်း ပြောပါသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က အခမဲ့ မသင်မနေရ အလယ်တန်းအထိ ဆိုသည်မှာ လက်တွေ့မကျကြောင်း၊ တက္ကသိုလ်ဝင်ခွင့်နှင့် ပတ်သက်၍ ကျောင်းသားများအား ရွေးချယ်ခွင့်ပေးခြင်းသည် မဖြစ်နိုင်ကြောင်း၊ ရန်ကုန်တက္ကသိုလ်တစ်ခုထဲတွင် စုပြုံလာမည်ဖြစ်ကြောင်း၊ လက်တွေ့မကျကြောင်း ပြောပါသည်။ အခြေခံပညာကျောင်းများကို ကျောင်းအုပ်ချုပ်ရေးကော်မတီဖြင့် အုပ်ချုပ်သောစနစ်ကိုလည်း မဖြစ်နိုင်ကြောင်းပြောပါသည်။ NNER မှ တင်ပြသော မူဝါဒများအပေါ် ဒေါ်အောင်ဆန်းစုကြည်က လက်တွေ့မကျကြောင်း၊ မဖြစ်နိုင်ကြောင်း ပြောလာသဖြင့် NNER အဖွဲ့ဝင်များ စိတ်ပျက်လာကြပါသည်။

ထို့ပြင် ကျွန်တော်နှင့် ပတ်သက်၍လည်း ဒေါ်အောင်ဆန်းစုကြည်က မကျေနပ်ချက်ကို ပြောပါသည်။ ပြည်သူ့လွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီ၏ အင်္ဂါနေ့တိုင်းကျင်းပသည့် အစည်းအဝေးသို့ ကျွန်တော်မတက်ရောက်သည့်အတွက် စိတ်ဆိုးကြောင်း ပြောပါသည်။ ၂၀၁၃ နိုဝင်ဘာ (၅) ရက်မှ (၇) ရက်အထိ ပြုလုပ်သော ပညာရေးမြှင့်တင်မှုကော်မတီ အစည်းအဝေးသို့ တက်ရောက်ပြီးနောက် ကျွန်တော့်အား ထပ်မံဖိတ်ကြားခြင်းမရှိပါ။ ၂၀၁၃ နိုဝင်ဘာလ (၇) ရက်နေ့ အစည်းအဝေးအပြီး နောက်တပတ် အစည်းအဝေးသို့ ကျွန်တော်တက်ရောက်ဖို့ လိုပါသလားဟု ဒေါက်တာချမ်းငြိမ်းထံသို့ ဒေါက်တာမောင်သင်းမှ တဆင့်မေးခဲ့ပါသည်။ ဒေါက်တာမောင်သင်းက ကျွန်တော်တက်ရောက်ဖို့မလိုတော့ကြောင်း အကြောင်းပြန်ပါသည်။ ထို့ကြောင့် နေပြည်တော်ပညာရေးမြှင့်တင်မှု ကော်မတီအစည်းအဝေးသို့ နောက်ထပ် တက်ရောက်နိုင်ခြင်း မရှိခဲ့ပါ။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကျွန်တော်သည် လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိဘဲ အစိုးရအဖွဲ့၏ EPIC နှင့်သာ ပူးပေါင်းဆောင်ရွက်နေသည်ဟု ထင်ပုံရပါသည်။

### (ည) EPIC ၏ နေပြည်တော်ဆွေးနွေးပွဲသို့ NNER အား ဖိတ်ကြားပြီးမှ ပြန်လည်ရုပ်သိမ်းခြင်း

၂၀၁၄ ဖေဖော်ဝါရီလ (၁၆) နေ့တွင် ပညာရေးဝန်ကြီးဌာနမှ ဒေါက်တာမျိုးသိမ်းကြီး၊ သမိုင်းတရုံး သုတေသနအဖွဲ့မှ ဒေါက်တာတင်မောင်သန်းတို့က ကျွန်တော်အားဖိတ်ခေါ်ပြီး အလွတ်သဘောတွေ့ဆုံပါသည်။ EPIC မှ ဦးဆောင်၍ နေပြည်တော်တွင် ပညာရေးဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်းနှင့် NNER မှ တက်ရောက်ရန် ကမ်းလှမ်းပါသည်။ ကျွန်တော်က တက်ရောက်လိုပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ပို့ပေးပါရန် ပြောပါသည်။

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ဒေါက်တာမျိုးသိမ်းကြီးက ကျွန်တော့်ထံ ဖုန်းဆက်ပြီး နေပြည်တော် ပညာရေးဆွေးနွေးပွဲသို့ လူဦးရေ (၇၀၀) ခန့် တက်ရောက်မည်ဖြစ်ကြောင်း လွှတ်တော်နှင့် အစိုးရမှ ပုဂ္ဂိုလ်များ ပါဝင်မည်ဖြစ်ကြောင်းနှင့် NNER မှ လူဦးရေ (၁၅၀) ကျော် တက်ရောက်ရန် ပြောပါသည်။ NNER အဖွဲ့ဝင်များကို နေပြည်တော်စည်ပင်ရိပ်သာတွင် တည်းခိုရန် စီစဉ်မည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကျင်းပမည့်ဟော်တယ်သို့ သယ်ယူပို့ဆောင်ရေးလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောပါသည်။ မတ်လ (၁) ရက်နေ့တွင် နေပြည်တော်ပညာရေးဆွေးနွေးပွဲ အစီအစဉ်ကို ဒေါက်တာမျိုးသိမ်းကြီးက ကျွန်တော်ထံသို့ ပေးပို့ပါသည်။

မတ်လ (၃) ရက်နေ့တွင် NNER လုပ်ငန်းအဖွဲ့ဝင်များ နေပြည်တော်ခရီးစဉ်အတွက် အစည်းအဝေးပြုလုပ်နေစဉ် ဒေါက်တာမျိုးသိမ်းကြီးက ကျနော်ထံဖုန်းဆက်ပြီး NNER အဖွဲ့အား နေပြည်တော်ပညာရေးဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်းကို ဖျက်သိမ်းကြောင်း ပြောပါသည်။ မည်သည့်အကြောင်းကြောင့် ဖိတ်ကြားမှုဖျက်သိမ်းသည်ကို မသိပါ။ ပညာရေးဆွေးနွေးပွဲသို့ NNER

၏ ပါဝင်မှုကို တားဆီးသည်မှာ ထင်ရှားပါသည်။ ပြည်နယ်နှင့်တိုင်းများမှ NNER ကိုယ်စားလှယ်အချို့သည် နေပြည်တော်သို့ရောက်နှင့်ပြီး အချို့မှာလည်း လမ်းခရီးတွင်ရောက်ရှိနေကြပါသည်။ ရန်ကုန်မှ ကိုယ်စားလှယ်များကလည်း နေပြည်တော်သွားရန် ဘတ်စ်ကားများငှားရမ်းထားပြီးဖြစ်ပါသည်။ NNER အဖွဲ့ဝင်များအားလုံး အဆင်မပြေမှုများဖြစ်ခဲ့ကြရပါသည်။

**(၄) အမျိုးသားလွှတ်တော်သို့ NNER အဖွဲ့သွားရောက်တင်ပြခြင်း**

အမျိုးသားပညာရေးဥပဒေ (မူကြမ်း) နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးလိုပါကြောင်း NNER မှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံ စာရေးသားပေးပို့ခဲ့ရာ ၂၀၁၄ မေလ (၃၀) ရက်နေ့တွင် တွေ့ဆုံခွင့်ရပါသည်။ အမျိုးသားလွှတ်တော်ဘက်မှ ဦးခင်အောင်မြင့်နှင့် အတူ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင်များလည်း ပါဝင်ပါသည်။ မသူသူမာနှင့် ကိုစိုးထွန်းဦးဆောင်သော NNER အဖွဲ့ဝင် (၁၇) ဦးခန့် နေပြည်တော်သို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တွေ့ဆုံရန် သွားကြပါသည်။ သို့ရာတွင် NNER အဖွဲ့ဝင် (၅) ဦးသာ အစည်းအဝေးသို့ တက်ခွင့်ရပြီး ကျန် NNER အဖွဲ့ဝင်များမှာ ဦးခင်အောင်မြင့်ထံ ရေးသားသည့်စာတွင် အမည်စာရင်းမပါဝင်ခြင်းကြောင့် အစည်းအဝေးကို တက်ရောက်ခွင့် မရဘဲ လွှတ်တော်ဝင်းပြင်ပသို့ ပြန်ထွက်ရန်ပြောကြားသဖြင့် လွှတ်တော်ဝင်းပြင်ပတွင် စည်းဝေးပြီးဆုံးသည်အထိ စောင့်ဆိုင်းခဲ့ကြရပါသည်။

ဦးခင်အောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးလျှင်ပြီးချင်း အစည်းအဝေးမှ ထွက်သွားပါသည်။ NNER အဖွဲ့ဝင်များမှ NNER ၏ ပညာရေးမူဝါဒများကို ဦးခင်အောင်မြင့်နှင့် တိုက်ရိုက်ရှင်းပြခွင့်မရရှိခဲ့ဘဲ အမျိုးသားလွှတ်တော်မှ အခြားပုဂ္ဂိုလ်များကိုသာ ရှင်းလင်းပြောကြားခဲ့ကြရပါသည်။ အမျိုးသားလွှတ်တော်ဘက်မှ မှတ်တမ်းတင်ထားပါမည်ဟု ပြောကြားပြီး အစည်းအဝေးပြီးဆုံးပါသည်။

**(၅) NNER ၏ တတိယအကြိမ် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (ပညာရေးကဏ္ဍတွင် အဆုံးအဖြတ်ပေးခြင်း)**

ပညာရေးကဏ္ဍ၌ အဆုံးအဖြတ်ပေးခြင်းတွင် ဗဟိုချုပ်ကိုင်သည့် ပညာရေးစနစ်နှင့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချသော ပညာရေးစနစ်နှစ်ခုကို နှိုင်းယှဉ်လေ့လာသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ တော်ဝင်နှင်းဆီခန်းမတွင် ၂၀၁၄ ဇွန်လ (၇-၈) နေ့များတွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံဒေသအသီးသီးမှ NNER နှင့် ချိတ်ဆက်ထားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂအဖွဲ့ဝင်များ၊ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ၊ စိတ်ဝင်စားသူ ဆရာ၊ ဆရာမများ (၃၀၀) ကျော်တက်ရောက်ပါသည်။

ဦးဆောင်ဆွေးနွေးကြသူများမှာ အမေရိကန်သံရုံးမှ စေလွှတ်သည့် Ms. Carol Haddaway, UNICEF မှစေလွှတ်သည့် Prof. Philip Hallingerı, UNESCO မှစေလွှတ်သည့် Dr. Satako Yano နှင့် Asia South Pacific Basic and Adult Education (ASPBAE) မှ စေလွှတ်သည့် Ms. Cecilia Thea Soriano တို့ဖြစ်ကြပါသည်။

အမေရိကန်ပညာရေးစနစ်နှင့် ပညာရေးစီမံခန့်ခွဲရေး အကြောင်းအရာများ၊ ဟောင်ကောင်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများတွင် အနှစ် (၂၀) အတွင်း ပြောင်းလဲလာသော ပညာရေးစနစ်များ နှင့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချသော ကျောင်းအခြေပြု စီမံခန့်ခွဲရေး အကြောင်းအရာများ၊ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ UNESCO နှင့် Comprehensive Education Sector Review (CESR) တို့မှ မြန်မာနိုင်ငံ၏ ပညာရေးစီမံခန့်ခွဲမှုကို လေ့လာထားသော သုတေသနတွေ့ရှိချက်များနှင့် ဖိလစ်ပိုင်နိုင်ငံကို အခြေပြုလေ့လာထားသော ပညာရေးဆိုင်ရာအဆုံးအဖြတ်ပြုရာတွင် ပြည်သူလူထု၏ ပါဝင်မှု အကြောင်းအရာများကို ဆွေးနွေးကြပါသည်။ Prof. Hallinger က စိတ်ဝင်စားဘွယ်ကောင်းသော သရုပ်ပြမှုတရပ်ကိုလည်း တင်ဆက်ပါသည်။ ခေါင်းဆောင်တဦးတည်းကသာ ဦးဆောင်မှုပေးပြီး ကျန်လူများကနာခံရသည့် အမေရိကန် ကျွဲရိုင်းများ၏ ခေါင်းဆောင်မှုနမူနာနှင့် စုပေါင်းခေါင်းဆောင်သော အဝေးပျံငန်းဌက်များ၏ နမူနာတို့ကို နှိုင်းယှဉ်ပြပါသည်။

### (ဍ) ဒေါ်အောင်ဆန်းစုကြည်က ခေါ်ယူသတိပေးခြင်း

NNER ပညာရေးဆွေးနွေးပွဲ ကျင်းပနေသည့်အချိန်နှင့် တပြိုင်တည်း တော်ဝင်နှင်းဆီခန်းမနှင့် မျက်နှာချင်းဆိုင် အဆောက်အဦးတွင် NLD ၏ ဗဟိုကော်မတီအစည်းအဝေး ကျင်းပနေပါသည်။ အခမ်းအနား (၂) ခု ရက်ခြင်းတူနေခြင်းမှာ မမျှော်လင့်သောတိုက်ဆိုင်မှုသာ ဖြစ်ပါသည်။ NNER ၏ ပညာရေးဆွေးနွေးပွဲကို (၃) လခန့် ကြိုတင်စီစဉ်ပြီး၊ တော်ဝင်နှင်းဆီခန်းမကို ဌားရမ်းထားခြင်း ဖြစ်ပါသည်။ NNER ဆွေးနွေးပွဲရက်ကို NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့် သိထားပြီးသော်လည်း၊ NLD ဘက်မှ ဗဟိုကော်မတီအစည်းအဝေးရက် သတ်မှတ်ချိန်တွင် ဦးဟံသာမြင့် အစည်း အဝေး တက်ရောက်ခြင်းမရှိသဖြင့်၊ ညှိနှိုင်းခြင်းမပြုနိုင်ဘဲ ရက်တူသွားခြင်းဖြစ်ပါသည်။

ကျွန်တော်သည် NNER အဖွဲ့ဝင်လည်းဖြစ်၊ NLD ဗဟိုကော်မတီဝင်တဦးလည်းဖြစ်၍ အခမ်းအနား (၂) ခုကို တလှည့်စီ တက်ရောက်ခဲ့ရပါသည်။ NNER ဆွေးနွေးပွဲ ပထမနေ့ ၂၀၁၄ ဇွန်လ (၇) ရက်နေ့၊ နေ့လည်ထမင်းစားနားချိန်တွင် ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော့်အား တွေ့ဆုံလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဥက္ကဋ္ဌရုံးအဖွဲ့မှ လာရောက် အကြောင်းကြားပါသည်။ ကျွန်တော်သွားရောက်တွေ့ဆုံသောအခါ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒေါ်စုစုလွင်၊ ဒေါက်တာတင်မာအောင်နှင့် ဦးဖြိုးဇေယျာသော်တို့ ရှိပါသည်။ ကျွန်တော်နှင့်အတူ ဦးဟံသာမြင့်၊ ဦးအောင်ထိုက်၊ နှင့် ဒေါ်ကြူကြူသန်း တို့လည်း ပါဝင်ပါသည်။

ဒေါ်အောင်ဆန်းစုကြည် အဓိကပြောကြားသည့်အချက်မှာ ပညာရေးဥပဒေကို အတင်းမတွန်းရန် သတိပေးခြင်းဖြစ်ပါသည်။ မူဝါဒကို မြင့်မြင့်ကြံလို့ရကြောင်း၊ ဥပဒေက လုပ်နိုင်တာကိုဘဲ ထည့်လို့ရကြောင်း ပြောပါသည်။ အခမဲ့မသင်မနေရ ပညာရေး ဆိုသည်မှာ စိတ်ကူး (ideal) သာဖြစ်၍ လက်တွေ့မကျကြောင်း၊ ဥပဒေတွင် ထည့်၍မရကြောင်း ဥပမာပေး၍ ပြောကြားပါသည်။ ထို့အပြင် အခမဲ့ မသင်မနေရပညာရေးကို ကျွန်တော်က သိပ်ကိုဆန္ဒပြင်းပြနေကြောင်း၊ လက်တွေ့မှာ မဖြစ်နိုင်ကြောင်း ပြောပါသည်။ အစိုးရ၏ လုပ်ရပ်တစ်ချို့ကိုလည်း ဝေဖန်ထောက်ပြပြီး၊ NNER ကို အစိုးရကစည်းရုံးချင်ကြောင်း၊ ကျွန်တော်သည် NNER နှင့် NLD တို့တွင် နှစ်ဖက်စလုံး၌ပါဝင်နေသည့်အတွက် ရှင်းအောင်လုပ်ပါဟု မှာကြားပါသည်။ ကျွန်တော်က ပြန်လည်ရှင်းပြရန် ကြိုးစားသော်လည်း ရှင်းပြရန် အခွင့်အရေးမရခဲ့ပါ။

ဒေါ်အောင်ဆန်းစုကြည် သတိပေးသည့်အချက်များကို ကျွန်တော်က NNER အလုပ်အဖွဲ့ဝင် များထံတင်ပြပါသည်။ NNER အဖွဲ့ဝင်များက NNER ၏ ရပ်တည်ချက်၊ သဘောထားများကို ရှင်းပြရန်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ပြုပါရန်၊ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့် မှတဆင့် စာရေးသားပေးပို့ခဲ့ပါသည်။ ရက်အတန်ကြာသည် အထိ တွေ့ဆုံခွင့်မရသဖြင့် ဦးဟံသာမြင့်ကို မေးမြန်းရာ NNER ၏ စာကို ဥက္ကဋ္ဌရုံးသို့ ပေးပို့ခဲ့ကြောင်းနှင့် စာပျောက်ဆုံးသွားကြောင်း အကြောင်းပြန်ကြားလာပါသည်။ သို့ဖြစ်၍ NNER အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ရှင်းပြခွင့် မရခဲ့ပါ။

### (ဎ) ပြည်ထောင်စုလွှတ်တော်မှ (၃၀.၇.၂၀၁၅) ရက်နေ့တွင် အတည်ပြုလိုက်သည့် အမျိုးသားပညာရေး ဥပဒေအပေါ် NNER ၏ ဝေဖန်ချက်

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ ရေးဆွဲသော ပညာရေးဥပဒေမူကြမ်းနှင့် EPIC မှရေးဆွဲသော ပညာရေး ဥပဒေမူကြမ်းတို့ကို ပြည်သူ့လွှတ်တော်တွင် ပေါင်းစပ်အတည်ပြုပြီးနောက် အမျိုးသားလွှတ်တော်သို့တင်သွင်းခဲ့သည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကြား သဘောထားကွဲလွဲမှုတချို့ရှိနေသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ထပ်မံဆွေးနွေးခဲ့သည်။ ပြည်ထောင်စုလွှတ်တော်က (၃၀.၇.၂၀၁၄) နေ့တွင် အတည်ပြုပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ခဲ့သည်။ အထက်ပါပြည်ထောင်စုလွှတ်တော်မှ အတည်ပြုလိုက်သည့် အမျိုးသားပညာရေးဥပဒေတွင် ပါဝင်သည့်အချက်များသည် NNER ၏ မူဝါဒများနှင့် ကွဲလွဲချက်များ ရှိနေသဖြင့် NNER ၏ သဘောထားကို သမ္မတထံပေးပို့ခဲ့သည်။

NNER ၏ ဖော်ပြချက်တွင် ဗဟိုချုပ်ကိုင်သည့်စနစ်ကို ကျင့်သုံးသည့် အမျိုးသားပညာရေးကော်မရှင်နှင့် တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့ကို ပယ်ဖျက်ရန်၊ ပညာရေးကဏ္ဍအသီးသီးတွင် အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေး အာမခံမှုတို့အတွက် လွတ်လပ်သည့်ပညာရှင်များအဖွဲ့က ဆောင်ရွက်ရန်၊ လူတိုင်းအကျုံးဝင်ပညာရေးစနစ် ကျင့်သုံး

ရန်၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကား (၃) မျိုးစနစ်ကျင့်သုံးရန်၊ ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိရန်၊ အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ချုပ်ရေး ကော်မတီဖွဲ့စည်း၍ ကျောင်းအခြေပြု စီမံခန့်ခွဲရေးစနစ်ထားရှိရန်၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက်သာမက ကျောင်းအလိုက်ဆောင်ရွက်ခွင့်ရှိရန်၊ ကျောင်းသားများ လွတ်လပ်စွာစဉ်းစားတွေးခေါ်နိုင်သည့် သင်ကြားနည်းစနစ်နှင့် သင်ယူမှုကို အားပေးသောစစ်ဆေးနည်းများ (formative assessment) ကျင့်သုံးရန်၊ အခမဲ့မသင်မနေရ ပညာရေးစနစ်ကို အလယ်တန်းအဆင့်အထိ ကျင့်သုံးရန်နှင့် ပညာရေးအသုံးစရိတ်ကို တနိုင်ငံလုံးအသုံးစရိတ်၏ အနည်းဆုံး ၁၅% မှ ၂၀% အထိ သုံးစွဲရန် တို့ ပါဝင်ပါသည်။

အထက်ပါတင်ပြချက်များကို ၂၀၁၄ ဩဂုတ်လ (၁၉) ရက်နေ့တွင် နိုင်ငံတော်သမ္မတထံ ပေးပို့ပြီးနောက် NNER ၏ ကြေညာချက်အဖြစ် ပြည်သူလူထုထံသို့လည်း ဖြန့်ဝေခဲ့ပါသည်။ ၂၀၁၄ စက်တင်ဘာ (၂၃) ရက်နေ့တွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသမီးအဖွဲ့များပါဝင်သော လူထု အဖွဲ့အစည်း (CSOs) (၂၀၀) ကျော်ကို ကိုယ်စားပြုသူများသည် အမျိုးသား ပညာရေးဥပဒေနှင့် ပက်သက်၍ NNER ၏ သဘောထားရပ်တည်ချက်များကို ထောက်ခံကြောင်း၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြပါသည်။

## (ဏ) အမျိုးသားပညာရေးဥပဒေကို သမ္မတလက်မှတ်ရေးထိုး အတည်ပြုပြီးနောက် ပေါ်ပေါက်လာသည့် ကျောင်းသားလှုပ်ရှားမှုများ

အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ စက်တင်ဘာ (၃၀) ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။ NNER၊ ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများက ပညာရေးဝန်ကြီးဌာန၏ စိန်ရတုခန်းမတွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင်လည်းကောင်း၊ နိုင်ငံတော်သမ္မတထံသို့လည်းကောင်း တင်ပြခဲ့သော အကြံဉာဏ်များကို မျက်ကွယ်ပြု၍ ယခင် စစ်အစိုးရလက်ထက် ပညာရေးစနစ်နှင့် အလားတူသည့် ပညာရေး ဥပဒေကိုသာ ပြဋ္ဌာန်းခဲ့ပါသည်။

နိုင်ငံတဝှမ်းရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသားကိုယ်စားလှယ် (၅၀၀) ကျော်တို့သည် ရန်ကုန်မြို့ နာရေးကူညီမှုအသင်း ခန်းမတွင် စုဝေးကြပြီး အမျိုးသားပညာရေးဥပဒေကို ဝေဖန်သုံးသပ်ကြပါသည်။ အမျိုးသားပညာရေးဥပဒေကို သပိတ်မှောက်ကြောင်း ဆုံးဖြတ်ကြေညာကြပါသည်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (ဗကသ)၊ မြေလတ်ဒေသကျောင်းသားများသမဂ္ဂ၊ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) တို့မှ ရွေးချယ်သော ကိုယ်စားလှယ် (၁၅) ဦး ပါဝင်သည့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ (Action Committee for Democratic Education) ကိုဖွဲ့စည်းခဲ့ကြသည်။ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ (ACDE) ကဦးဆောင်၍ အမျိုးသားပညာရေး ဥပဒေကို ကန့်ကွက်ကြောင်း၊ ဆန္ဒပြပွဲများကို ရန်ကုန်မြို့တွင် (၄) ရက်တာ ကျင်းပကြပါသည်။ အမျိုးသားပညာရေးဥပဒေကို ရက်ပေါင်း (၆၀) အတွင်း ပြင်ဆင်ပေးရန်တောင်းဆိုပြီး သပိတ်ရပ်နားကာ နေရပ်ပြန်ကြပါသည်။

## (တ) NNER ၏ စတုတ္ထအကြိမ်ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ

"ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲမှုတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍ" ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ တော်ဝင်နှင်းဆီခန်းမတွင် ၂၀၁၄ ဒီဇင်ဘာ (၂၉-၃၀) ရက်နေ့များ၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ပညာရေး ပြုပြင်ပြောင်းလဲမှုတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ဖြစ်သည်။ ဆွေးနွေးပွဲသို့ တိုင်းနှင့်ပြည်နယ်ဒေသ အသီးသီးရှိ ပညာရေးအဖွဲ့အစည်းများမှ ဆရာ၊ ဆရာမများ၊ ပညာရှင်များ၊ ဘာသာရေးအခြေပြုကျောင်းများမှ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဆရာ၊ ဆရာမများနှင့် စိတ်ဝင်စားသူများ စုစုပေါင်း (၃၀၀) ခန့်တက်ရောက်ခဲ့ပါသည်။ ဦးဆောင် ဆွေးနွေးကြသူများမှာ မြန်မာနိုင်ငံသားပညာရှင် (၃) ဦး၊ အီတလီနိုင်ငံသားပညာရှင် (၃) ဦး၊ အာရှတောင်ပစိဖိတ်ဒေသ အခြေခံပညာနှင့် အရွယ်ရောက်ပြီးသူများပညာရေးအဖွဲ့ (ASPBAE) မှ ပညာရှင်တစ်ဦးနှင့် အမေရိကန်နိုင်ငံသား ပညာရှင် တစ်ဦးတို့ ပါဝင်ပါသည်။

ဆွေးနွေးပွဲမှ ဆရာအတတ်ပညာသင်ရိုးညွှန်တမ်းအတွက် အကြံပြုချက်များ၊ ဆရာဆရာမများ၏ ပညာရပ်ဆိုင်ရာဖွံ့ဖြိုးမှု အတွက် လေ့လာသင်ယူရန်အခွင့်အလမ်းများ၊ ပညာရေးလွတ်လပ်ခွင့်၊ ဆရာဆရာမများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် အကြံပြုချက်များ၊ ပညာရေးပြုပြင် ပြောင်းလဲမှုဖြစ်စဉ်အတွင်း ရင်ဆိုင်ရမည့်အခက်အခဲများကို ကျော်လွှားရန် အကြံပြုချက် များ ထွက်ပေါ်လာခဲ့ပါသည်။

### (ထ) သပိတ်မှောက်ကျောင်းသားများ၏ ခရီးရှည်ချီတက်ပွဲနှင့် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ

ရက်ပေါင်း (၆၀) အတွင်း အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန် ကျောင်းသားများ၏ တောင်းဆိုချက်နှင့် ပက်သက် ၍ အစိုးရဘက်မှ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပါ။၂၀၁၅ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီက ဦးဆောင်၍ အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြကြသော ကျောင်းသား၊ ကျောင်းသူများ သည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ချီတက်ဆန္ဒပြကြပါသည်။ တောင်းဆိုချက်မှာ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေး အတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန်ဖြစ်ပါသည်။ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အစိုးရ၊ လွှတ်တော်နှင့်အတူ NNER ပါဝင်ရန်ကျောင်းသားများက တောင်းဆိုခဲ့ကြပါသည်။ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ဆွေးနွေးအဖြေရှာရန်အတွက် တောင်းဆိုချက် (၁၁) ချက် တင်ပြကြပါသည်။ အဆိုပါ တောင်းဆိုချက်များမှာ -

- ပညာရေးမူဝါဒနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ ရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂ ကိုယ်စား လှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ ပါဝင်ရန်
- ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ လွတ်လပ်စွာဖွဲ့စည်း၊ထူထောင်၊ လှုပ်ရှားခွင့်ရှိရန်
- အမျိုးသားပညာရေးဥပဒေတွင် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်နှင့် တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတို့ကို ပယ်ဖျက်ရန်
- ဒေသအလိုက်နှင့် ကျောင်းအလိုက် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရန်
- စာမေးပွဲစနစ်နှင့် တက္ကသိုလ်ဝင်ခွင့် စနစ်များပြုပြင်ရန်
- ကျောင်းသားများ လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်ပြီး ကိုယ်တိုင် လေ့လာစူးစမ်းသင်ယူနိုင်သည့် သင်ကြားနည်း စနစ်များ ကျင့်သုံးရန်
- တိုင်းရင်းသားများ၏ ဘာသာစကားလွတ်လပ်ခွင့်နှင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ် ပြဋ္ဌာန်းရန်
- မသန်စွမ်းကလေးများ အပါအဝင်ကလေးများအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေးစနစ် ကျင့်သုံးရန်
- ကျောင်းသားအရေးအခင်းများကြောင့် ကျောင်းထုတ်ခံရသည့် ကျောင်းသားများ ကျောင်းပြန်လည်တက်ရောက်ခွင့် ရှိရန်
- ပညာရေးအသုံးစရိတ်ကို တနိုင်ငံလုံးအသုံးစရိတ်၏ ၂၀% သုံးစွဲရန်
- အခမဲ့မသင်မနေရပညာရေးကို အလယ်တန်းအဆင့်ထိ အကောင်အထည်ဖော်ရန် တို့ဖြစ်ပါသည်။

မန္တလေးမြို့မှ စတင်ချီတက်လာသော သပိတ်မှောက်ကျောင်းသားများကို ချီတက်ရာလမ်းတလျှောက် မြို့ရွာများရှိ ပြည်သူ လူထုက တစ်ခဲနက်ကြိုဆိုကြပါသည်။ အစားအသောက်များ ကျွေးမွေးခြင်း၊ တည်းခိုရန် နေရာစီစဉ်ပေးခြင်း၊ ကျောင်းသား များ ဟောပြောကြသည်ကို လာရောက်နားထောင်ခြင်းတို့ဖြင့် အားပေးထောက်ခံကြပါသည်။ သပိတ်မှောက်ကျောင်းသား များ တောင်သာနယ်အရောက်တွင် လေးပွင့်ဆိုင်ဆွေးနွေးပွဲ ပြုလုပ်ရန် အစိုးရဘက်မှ သဘောတူညီခဲ့ပါသည်။

### (ဒ) လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် NNER ၏ အခန်းကဏ္ဍ

လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် NNER ပါဝင်ရန် ကျောင်းသားများ၏ တောင်းဆိုမှုကြောင့် NNER ၏ အခန်းကဏ္ဍ မြင့်မား ခဲ့ပါ သည်။ NNER အား အသိအမှတ်ပြုမှုများ ပိုမိုရရှိလာခြင်း၊ မီဒီယာများ၏ အာရုံစိုက်ခံရခြင်း၊ ပြည်သူလူထု ကျယ်ကျယ် ပြန့်ပြန့် သိရှိလာခြင်းတို့ကြောင့် NNER ၏ ကြိုးပမ်းအားထုတ်မှုများအတွက် ပို၍အားတက်ရပါသည်။ ပညာရေး ပြုပြင် ပြောင်းလဲမှုအတွက်လည်း ပိုမိုထိရောက်လာလိမ့်မည်ဟု မျှော်လင့်ချက်များ ရှိလာခဲ့ပါသည်။

ကျောင်းသားများ၏ တောင်းဆိုချက် (၁၁) ချက်သည် ကျောင်းသားသမဂ္ဂများ အပါအဝင် NNER က အစဉ်တစိုက် အကြံပြုလာသော အချက်များဖြစ်ပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသော အချက်များဖြစ်သည်ဟုလည်း ယုံကြည်ပါသည်။ အထက်ပါတောင်းဆိုချက် (၁၁) ချက် အဘယ်ကြောင့်လိုအပ်သည်၊ မည်ကဲ့သို့ အကောင်အထည် ဖော်နိုင်သည်ကို NNER ၏ ပညာရေးမူဝါဒကို ကိုးကား၍ ဖြေရှင်းပေးနိုင်ပါသည်။

လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ၂၀၁၅ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ချိန်းဆိုထားပါသည်။ ဇန်နဝါရီလ (၃၀) ရက်နေ့ ညနေတွင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာအောင်မိုးညိုက ကျွန်တော့်ကို တွေ့ဆုံလိုကြောင်း ဖုံးဆက်ပြောကြားပါသည်။ ကျွန်တော့်ကို လေးပွင့်ဆိုင်ဆွေးနွေးပွဲ မသွားရန် ပြောပါသည်။ ကျွန်တော်က အကျိုးအကြောင်း မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က မသွားစေလိုကြောင်းပြောပါသည်။

ဇန်နဝါရီလ (၃၁) ရက်နေ့တွင် NNER လုပ်ငန်းအဖွဲ့ဝင်များနှင့် ဒီမိုကရေစီပညာရေးဦးဆောင်ကော်မတီမှ ကျောင်းသား (၁၅) ဦး တွေ့ဆုံဆွေးနွေးကြပါသည်။ NLD မှ ကျွန်တော့်အား လေးပွင့်ဆိုင်ဆွေးနွေးပွဲသို့ မသွားရန် သတိပေးကြောင်း အစည်းအဝေးတွင် ကျွန်တော်ပြောပြပါသည်။ ကျောင်းသားခေါင်းဆောင်များနှင့် NNER အဖွဲ့ဝင်များက ကျွန်တော့်အား လေးပွင့်ဆိုင် ဆွေးနွေးပွဲသို့ လိုက်ပါရန် တောင်းဆိုကြပါသည်။

ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ လေးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပပါသည်။ ဒီမိုကရေစီ ပညာရေး ဦးဆောင်ကော်မတီဝင် (၁၅) ဦး၊ NNER ကိုယ်စားလှယ် (၁၈) ဦး၊ ဆွေးနွေးပွဲတက်ရောက်ပါသည်။ သမ္မတရုံး ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော အစိုးရကိုယ်စားလှယ် (၂၀) ခန့်နှင့် ဦးသိန်းဆွေ ခေါင်းဆောင်သော အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် (၂၀) ခန့်တက်ရောက်ပါသည်။ အဖွဲ့ (၄) ဖွဲ့ မှ အဖွဲ့ခေါင်းဆောင် (၄) ဦး ဆွေးနွေးပွဲအဖွင့်အမှာစကားများ ပြောကြားပြီး၊ ကျောင်းသားခေါင်းဆောင်များက ဆွေးနွေးပွဲအတွက် ကြိုတင်စည်းကမ်းချက်များ ထားရှိရန်အတွက် အချက် (၉) ချက်တင်ပြပါသည်။ အဆိုပါ ကြိုတင်စည်းကမ်းချက်များတွင် ဆွေးနွေးပွဲ၌ အဖွဲ့ (၄) ဖွဲ့ တန်းတူအခွင့်အရေး ရရှိရန်၊ သတင်းမီဒီယာများရှေ့မှောက်တွင် ဆွေးနွေးရန်၊ ဆွေးနွေးချက်များကို သတင်းထုတ်ပြန်ရန်၊ ဆန္ဒပြသောကျောင်းသားများနှင့် ဝန်းရံကူညီသူများကို ဖမ်းဆီးခြင်း မပြုရန်တို့ ပါဝင်ပါသည်။ နံနက် (၉) နာရီ အစည်းအဝေးစတင်ချိန်မှ ညနေ (၅) နာရီအချိန်အထိ အကြိတ်အနယ်ဆွေးနွေးကြပြီး ကြိုတင်စည်းကမ်းချက် (၇) ချက်ကိုသာ သဘောတူညီချက်ရရှိပြီး ကျန်အချက်များကို နောက်တကြိမ်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန်အတွက် ဖေဖော်ဝါရီလ (၃) ရက်နေ့ကို ချိန်းဆိုလိုက်ပါသည်။

လေးပွင့်ဆိုင်ဆွေးနွေးပွဲသို့ NNER ၏ ကိုယ်စားလှယ်တဦးအနေဖြင့် ကျွန်တော်တက်ရောက်နေစဉ်အတွင်း ၂၀၁၅ ဖေဖော်ဝါရီ (၁) ရက်နေ့စွဲဖြင့် ကျွန်တော့်အား "အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်းအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ကြေငြာချက်တစ်ရပ် ထုတ်ပြန်ပါသည်။

၁၉၈၈ စက်တင်ဘာလ NLD စတင်ဖွဲ့စည်းကတည်းက အဖွဲ့ဝင်အဖြစ် ကျွန်တော် ပါဝင်ခဲ့ပါသည်။ ပဲခူးတိုင်း စည်းရုံးရေး အဖွဲ့ဝင်အဖြစ်လည်း ပါတီစည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ NLD အပေါ် ကျွန်တော်သံယောဇဉ်ရှိပါသည်။ ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင်လည်း ကျေးဇူးရှိပါသည်။ ကျွန်တော် အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားခွင့် ရခဲ့သည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ နိုဘယ်ဆုကြေးငွေဖြင့် ပေးအပ်သော Prospect Burma ပညာသင်ဆုရရှိသောကြောင့် ဖြစ်ပါသည်။ ကျောင်းသားများနှင့် NLD အကြား တစ်ခုသာ ရွေးချယ်ခွင့် ရှိတော့သည့် အခြေအနေတွင် ကျောင်းသားများဘက်မှ ကျွန်တော်ရပ်တည်ခဲ့ပါသည်။ ကျောင်းသားများ၏ ဒီမိုကရေစီ ပညာရေးတောင်းဆိုမှုမှာ မှန်ကန်သည်ဟု ကျွန်တော်မြင်ပါသည်။ ကျွန်တော်၏ ရွေးချယ်မှုတစ်ခုကြောင့် ကျောင်းသားများ အင်အားနည်းသွားမည်ကိုလည်း မလိုလားပါ။ ထို့ကြောင့် ကျောင်းသားများဘက်မှ ကျွန်တော်ရပ်တည်ခြင်း ဖြစ်ပါသည်။

ဖေဖော်ဝါရီလ (၃) ရက်နေ့ နေပြည်တော်ပညာရေးဝန်ကြီးဌာနတွင် ကျင်းပမည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲ ဒုတိယနေ့ ကို တက်ရောက်ရန်အတွက် NNER ကိုယ်စားလှယ် (၂၀) ဦး၊ ကျောင်းသားကိုယ်စားလှယ် (၁၅) ဦးနှင့် သတင်း မှတ်တမ်း

ဓါတ်ပုံ စသည်တို့ကို ကူညီမည့်သူများသည် ဘတ်(စ်)ကားတစ်စီးဖြင့် ဖေဖော်ဝါရီလ (၂) ရက်ညသန်းကောင်တွင် နေပြည်တော်သို့ ရောက်ရှိပါသည်။ တည်းခိုရန် စီစဉ်ပေးထားမည်ဟု အစိုးရအဖွဲ့မှ ပြောကြားခဲ့သော စည်ပင်ရိပ်သာမှာ ဝင်ခွင့်ပင် မရသဖြင့် ကျွန်တော်တို့တစ်ဖွဲ့လုံး အခက်အခဲ ဖြစ်ခဲ့ကြရပါသည်။ နောက်တစ်နေ့ ဆွေးနွေးပွဲ ကျင်းပမည့် ပညာရေးဝန်ကြီးဌာန ဝင်းအတွင်းသို့ ဝင်ရောက်ရာတွင်လည်း အခက်အခဲများနှင့် ထပ်မံကြုံတွေ့ရပြန်ပါသည်။ နေ့လည် (၁၂) နာရီခန့်တွင် ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ (၁၂) ရက်နောက်ပိုင်းသို့ ရွှေ့ဆိုင်းကြောင်းကို ဦးအောင်မင်းက ကြေငြာပါသည်။

ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ပညာရေးဒုဝန်ကြီး ဦးသန့်ရှင်းက လေးပွင့်ဆိုင် ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေး အတွက် ဆွေးနွေးလိုကြောင်း NNER ကိုယ်စား ကျွန်တော့်အား ဖိတ်ကြားသဖြင့် သွားရောက်တွေ့ဆုံပါသည်။ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် သဘောတူကြပြီး ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် အသေးစိတ်ထပ်မံ ဆွေးနွေးကြပါသည်။ ကျွန်တော်နှင့်အတူ မသူသူမာ၊ ကိုစိုးထွန်း၊ ကိုအောင်မိုးဆန်း၊ ကိုရဲဇာနည်၊ ကိုချစ်ဝင်းမောင်တို့ ပါဝင်တက်ရောက်ပြီး အစိုးရဘက်မှ ဦးသန့်ရှင်းနှင့်အတူ ရန်ကုန်တိုင်း လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ လူမှုရေးဝန်ကြီး ဦးမြင့်သိန်းနှင့် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းတို့ ပါဝင်တက်ရောက်ကြပါသည်။

ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ရန်ကုန်တိုင်း အစိုးရအဖွဲ့ရုံး ခန်းမ၌ လေးပွင့်ဆိုင်ဆွေးနွေးပွဲ ပြန်လည်စတင်ပါသည်။ ကျောင်းသားကိုယ်စားလှယ်များ၊ NNER ကိုယ်စားလှယ်များ၊ လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။ အစိုးရ ကိုယ်စားလှယ်အဖွဲ့တွင် ဦးအောင်မင်း၏ နေရာတွင် ဦးလှထွန်း ပါဝင်လာပါသည်။ ဆွေးနွေးပွဲကို ဒေါက်တာအောင်ထွန်းသက်နှင့် ဒေါက်တာကျော်သူတို့က ညှိနှိုင်းသူများအဖြစ် ပါဝင်ပါသည်။ ဆွေးနွေးပွဲမှာချောမွေ့ပြီး ကျောင်းသားများတင်ပြသည့် ကြိုတင်စည်းကမ်းချက် (၉) ချက်ကိုသဘောတူကြပါသည်။ ပညာရေး ဥပဒေပြင်ဆင်ရေး တောင်းဆိုချက် (၁၁) ချက်ကိုလည်း အပြန်အလှန်ဆွေးနွေးကြပြီးနောက် သဘောတူညီကြကြောင်းနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲရန် သဘောတူကြပါသည်။ သဘောတူညီချက်များကို စာဖြင့်ရေးသားပြီး အဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များ လက်မှတ်ရေးထိုးကြပါသည်။ သဘောတူသည့် အချက်များတွင် သပိတ်မှောက်ဆန္ဒပြကြသော ကျောင်းသားများနှင့် ဝန်းရံကူညီသူများကို ဖမ်းဆီးခြင်းမပြုဟူသည့် အချက်လည်းပါဝင်ပါသည်။ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်စောင်ကို ပညာရေးဝန်ကြီးဌာနကလည်း တင်သွင်းပါသည်။ NNER နှင့် ကျောင်းသားကိုယ်စားလှယ်များ ညှိနှိုင်းရေးသားထားသော ဥပဒေကြမ်းကိုလည်းတင်သွင်းပါသည်။ အပြန်အလှန်ဆွေးနွေးကြပြီးနောက် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသော မူကြမ်းပြန်လည်ရုပ်သိမ်းသွားပါသည်။ NNER နှင့် ကျောင်းသားများ ရေးသားသည့်မူကြမ်းကို လေးပွင့်ဆိုင် အစည်းအဝေးက သဘောတူလက်ခံကြောင်း ဆုံးဖြတ်ပါသည်။ ဆုံးဖြတ်ချက်ကိုလည်း သဘောတူလက်မှတ်ရေးထိုးကြပါသည်။ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များက ဥပဒေကြမ်းကို ဥပဒေရှုထောင့်မှနေ၍ စကားရပ်များ၊ နံပါတ်စဉ်များ ပြင်ဆင်ပေးပြီးနောက် အဆိုပါ လေးပွင့်ဆိုင်မှ သဘောတူညီထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းလိုက်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် ကြားနာပွဲများ ပြုလုပ်ရာ NNER ကို မတ်လ (၇) ရက်နေ့တွင် တက်ရောက်ရန် ဖိတ်ကြားပါသည်။ NNER က ကြားနာပွဲ ရက်ရွှေ့ဆိုင်းပေးရန် အကြောင်းပြန်ခဲ့ပါသည်။ အကြောင်းမှာ လက်ပံတန်းမြို့တွင် ရောက်ရှိနေသည့် ကျောင်းသားသပိတ် စစ်ကြောင်း တားဆီးခံနေရသဖြင့် ကျောင်းသားကိုယ်စားလှယ်တစ်ချို့ ကြားနာပွဲသို့ တက်ရောက်နိုင်မှုမရှိခြင်း၊ သပိတ်မှောက်ဆန္ဒပြနေသည့် ကျောင်းသားများကို အစိုးရက မည်ကဲ့သို့ ကိုယ်တွယ်ဖြေရှင်းမည်နှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ခြင်းတို့ကြောင့် ကြားနာပွဲသို့ တက်ရောက်ခြင်းမရှိဘဲ ရွှေ့ဆိုင်းရန် တင်ပြခြင်းဖြစ်ပါသည်။ မတ်လ (၁၀) ရက်နေ့တွင် လက်ပံတန်း သပိတ်စခန်း၌ ကျောင်းသားများနှင့် ဝန်းရံကူညီသူများ ပြင်းထန်စွာရိုက်နှက် ဖမ်းဆီးခံကြရပါသည်။ တားဆီးသည့်အချိန်မှစ၍ မတ်လ (၁၀) ရက်နေ့ ရိုက်နှက်ဖမ်းဆီးခြင်း မပြုမီအချိန်ထိ NNER ကိုယ်စားလှယ်များသည် လုံခြုံရေးတာဝန်ရှိသူများနှင့် (၅) ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့ပါ။

အမျိုးသားလွှတ်တော်က NNER အား မတ်လ (၁၇) ရက်နေ့တွင် ကြားနာပွဲတက်ရောက်ပါရန် ထပ်မံဖိတ် ကြားပါသည်။ ဖမ်းဆီးခံထားရသည့် ကျောင်းသားများနှင့် ကူညီသူများကို လွှတ်ပေးရန်အတွက် တောင်းဆိုတင်ပြရန် အတွက်လည်း ကောင်း၊ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူညီထားကြသည့် အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ကာကွယ်ပြောဆိုရန် လိုအပ်သည့်အတွက်ကြောင့်လည်းကောင်း ကြားနာပွဲသို့ NNER ကိုယ်စားလှယ် (၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။

လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူညီထားကြသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ်တွင် အဆင့်ဆင့် ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်တွင် ဇွန်လ (၁၇) ရက်နေ့က အတည်ပြုလိုက်ပါသည်။ ဇွန်လ (၂၅) ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြီး အစိုးရပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ လိုက်ပါသည်။ အဆိုပါပြင်ဆင်သည့် ဥပဒေသည် ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ကန့်သတ်ထားခြင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်အစား ကျောင်းသားကိုယ်စားလှယ်ဟု ပြောင်းလဲပြီး ကျောင်းသားသမဂ္ဂများ၏ အခန်းကဏ္ဍကို လျှော့ချခြင်း၊ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူခဲ့သည့် "ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်" ကို ပယ်ဖျက်ပြီး "အမျိုးသားပညာရေးမူဝါဒကော်မတီ" ဖြင့် ဗဟိုချုပ်ကိုင်သော ပညာရေးစနစ်ကို ထားရှိခြင်း၊ အခြေခံပညာကျောင်းများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ငြင်းပယ်ခြင်း၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကား (၃) မျိုးစနစ်ကို ငြင်းပယ်ခြင်း၊ မသန်စွမ်းကလေးများ၏ တန်းတူသင်ယူပိုင်ခွင့်ရှိသော လူတိုင်းအကျုံးဝင် ပညာရေးစနစ်ကို ငြင်းပယ်ခြင်း၊ အလွတ်ကျက်အလွတ်ဖြေ စာမေးပွဲစနစ်ကို ဆက်လက်ထားရှိခြင်း၊ မသင်မနေရ အခမဲ့ အလယ်တန်း အထိ တိုးမြှင့်ရန် တောင်းဆိုမှုကို ငြင်းပယ်ခြင်း၊ ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀% သုံးစွဲရန် တောင်းဆိုမှုကို ပြင်ဆင်၍ ၂၀% အထိရောက်အောင် တိုးမြှင့်သွားမည်ဟု အချိန်ကန့်သတ်ချက်မပါဘဲ မရေရာမသေချာ ထားရှိခြင်းတို့ကြောင့် အတည်ပြုလိုက်သည့် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေသည် ကျောင်းသားများ၏ တောင်းဆိုချက်နှင့်လည်းကောင်း၊ လေးပွင့်ဆိုင်သဘောတူညီချက်များနှင့် လည်းကောင်း ကွဲလွဲလျှက်ရှိနေပါသည်။

**(ဓ) NNER ၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံ ကျင်းပခြင်း**

၂၀၁၅ ဇွန်လ (၁၈-၂၀) နေ့များတွင် NNER ၏ ဒုတိယအကြိမ် ပညာရေးညီလာခံကို ရန်ကုန်မျက်မမြင်ကျောင်း ခန်းမတွင် ကျင်းပပါသည်။ ဖမ်းဆီးထားသော ကျောင်းသားများနှင့် ဝန်းရံကူညီသူများကို ချက်ချင်းလွှတ်ပေးရန် နှင့် လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲတွင် သဘောတူညီထားသည့် ကျောင်းသားများ၏ တောင်းဆိုချက် (၁၁) ချက်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် ညီလာခံမှ တောင်းဆိုလိုက်ပါသည်။

ဤ ဒုတိယအကြိမ် ညီလာခံကို ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။ တိုင်းနှင့်ပြည်နယ်အသီးသီးမှ လူမှုရေး၊ ပညာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်း (၂၂၀) နှင့် တသီးပုဂ္ဂလများအပါအဝင် စုစုပေါင်းတက်ရောက်သူ (၇၀၀) ကျော်ရှိပါသည်။ လူ့အခွင့်အရေး၊ ပညာရေး၊ နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေရေး အတွေ့အကြုံကြီးရင့်သူများနှင့် ပညာရှင်များ ပါဝင်သော ပညာရှင်စကားဝိုင်း (၆) ခု ကျင်းပပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ဆက်စပ်သော လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီ တည်ဆောက်ရေးနှင့် ဥပဒေရေးရာများကို ဆွေးနွေးကြပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ် မေလတွင် ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေး ညီလာခံ၏ ကြေညာစာတမ်းကိုလည်း ရှင်းလင်းပြောကြားပါသည်။ ကမ္ဘာ့ပညာရေးညီလာခံတွင် သဘောတူညီခဲ့ကြသည့် အခမဲ့ မသင်မနေရ ပညာရေးကို စာသင်နှစ် (၉) နှစ် အနည်းဆုံး အကောင်အထည်ဖော်ရန်၊ ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၁၅% မှ ၂၀% အထိ သုံးစွဲရန်၊ ပညာရေးဆိုင်ရာ အဆုံးအဖြတ်ပေးသည့် ကဏ္ဍအသီးသီးတွင် လူထုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ လူတိုင်းအကျုံးဝင် ပညာရေးစနစ်ကျင့်သုံးရန်၊ ပညာရေးတွင် ကျား၊ မ အပါအဝင် ကွဲပြားမှုအားလုံးအတွက် တန်းတူညီမျှသော အခွင့်အရေး ရှိရန်၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကားအခွင့်အရေးကို လေးစားလိုက်နာရန် စသည်တို့သည် NNER နှင့် ကျောင်းသားများ တောင်းဆိုနေသည့် အချက်များနှင့် ထပ်တူပင်ဖြစ်ပါသည်။ NNER ၏ ပညာရေးမူဝါဒများကို

"စိတ်ကူးယဉ်များဖြစ်ကြောင်း၊ လက်တွေ့မကျကြောင်း" ပြောကြားခဲ့သည့် အမြင်၊ အယူအဆများကို ကမ္ဘာ့ပညာရေး ညီလာခံက ချေဖျက်လိုက်ပြီ ဖြစ်ပါသည်။

**(န) NNER ၏ ရှေ့ခရီး**

NNER သည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် NNER ကွန်ရက်များကို တိုးချဲ့ဖွဲ့စည်းခြင်းအားဖြင့်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Thematic Working Groups) ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း တည်ဆောက်ပြီး ပညာရေးပြုပြင် ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့အတွက် ရေရှည်ရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်သွားပါမည်။

လေးစားစွာဖြင့်

ဒေါက်တာသိန်းလွင်
ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်
၂၀၁၅ ဇူလိုင်လ (၃) ရက်။